# THAILAND

2 – 24 October 2017

## MEDIA MONITORING REPORT # 172

## စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

### ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတိုးလာမှုကြောင့် မွန်ပြည်နယ်ဘတ်ဂျက်သုံးဆတိုးလာ

Myanmar Times, 24 October 2017

မွန်ပြည်နယ်အစိုးရ၏ဘတ်ဂျက်သည် ယခင်အစိုးရဘတ်ဂျက်နှင့်နှိုင်းယှဉ်ကြည့်ပါက ယမန်နှစ်တွင် သုံးဆတိုးလာကြောင်း ဒေသကြီးအစိုးရရုံးက တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သည်။
စီမံကိန်း၊ လူဝင်မှုကြီးကြပ်ရေး၊ အလုပ်သမားနှင့်လူဦးရေဌာနမှ ပြည်နယ်ဝန်ကြီးဖြစ်သူ ဦးဝဏ္ဏကျော်က ဘတ်ဂျက်ခွဲဝေချထားပေးမှုများတိုးလာခြင်းမှာ ဒေသကြီးတွင် ဖွံ့ဖြိုးမှုစီမံကိန်းများစတင်ဆောင်ရွက်ရာ၌ အရေအတွက်ပမာဏ တိုးလာခြင်းကြောင့်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ပြည်နယ်က စည်ပင်ရဲ့စီမံကိန်း ၃ နှစ် အစီအစဉ်ကို တစ်နှစ်နဲ့ပြီးအောင်လုပ်မှာပါ။ မွန်ပြည်နယ်က အချိန်တိုအတွင်း တိုးတက်လာမှာပဲဖြစ်ပါတယ် ဟု ၎င်းကပြောခဲ့သည်။

မွန်ပြည်နယ်တွင် စုစုပေါင်းဘတ်ဂျက် ကျပ် ၈၆ဘီလီယံရှိပြီး ၇၆ဘီလီယံမှာ ပြည်ထောင်စုအစိုးရထံမှလာပြီး ကျန်သည့် ၁၁ဘီလီယံမှာ အထွေအထွေအခွန်အကောက်များမှရရှိသည်။

၂၀၁၇ ခုနှစ်ဘတ်ဂျက်နှစ်အတွက် ပြည်နယ်အစိုးရသည် ဖွံ့ဖြိုးမှုများအကောင်အထည်ဖော်ဆောင်ရန် အဓိက မူဝါဒ (၁၄)ခု ချမှတ်ခဲ့ပြီး သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီးပုံမှန်ရရှိရေး၊ ပိုမိုကောင်းမွန်သည့်အဆောက်အဦးများရရှိရေး၊ စည်ပင်စနစ်တွင် အခြေခံဝန်ဆောင်မှုများပိုမိုကောင်းမွန်လာစေရန်နှင့် ကျေးလက်ဒေသများတိုးတက်လာစေရန်ဦးတည်ထားဆောင်ရွက်လျှက်ရှိသည်။

Link: [https://www.mmtimes.com/news/mon-state-budget-triples-due-rise-development-projects.html](https://www.mmtimes.com/news/mon-state-budget-triples-due-rise-development-projects.html)

### အင်္ဂလိပ်-မြန်မာ-စကော၊ ပိုး ကရင်ပူးတွဲအဘိဓါန် စတင်ပြုစု

Karen News, 18 October 2017



အင်္ဂလိပ်- မြန်မာ- စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင် ပူးတွဲအဘိဓါန် စတင်ပြုစုခြင်း ဖွင့်ပွဲအခမ်းအနားကို ပြုစုရေးရုံးတည်ရှိသည့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၅၂၄ ၌ အောက်တိုဘာ ၁၄ ရက်နေ့ နံနက် နိုင်ရန် ရည်ရွယ်ပြုစုခြင်းဖြစ်သည်ဟု အဘိဓါန် ဖြစ်မြောက်ရေးကော်မတီကပြောသည်။ အဆိုပါအဘိဓါန်ဖြစ်မြောက်ရေး နာယကဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီဒေသကြီး ကရင်လူမျိုးရေးရာဝန်ကြီး တို့ ပါဝင်သလို ဖြစ်မြောက်ရေးဦးဆောင်အဖွဲ့တွင် ရန်ကုန်တိုင်းဒေသကြီး ကရင် တိုင်းရင်းသားရေးရာဝန်ကြီးက အဖွဲ့ခေါင်းဆောင် အဖြစ်

တာဝန်ယူထားပြီး အဖွဲ့ဝင်များအဖြစ် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များမှ ကိုယ်စားလှယ်တဦးစီပါဝင်သည်။

အဆိုပါအဘိဓါန်ဖြစ်မြောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေကျပ် သိန်းငါးဆယ် ကနဦးပေးလှူခဲ့သလို ကရင်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ စောပလာတူးက ကျပ်သိန်း ၄၀ ၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်မှူး ဗိုလ်မှူးကြီးစောချစ်သူက အလှူငွေကျပ် သိန်း ၃၀ နှင့် ရန်ကုန်မြို့ခံ ကရင်စီးပွားရေးလုပ်ငန်းရှင်များနှင့်တဦးချင်းအလိုက်အလှူငွေ အသီးသီးထည့်ဝင်လှူဒါန်းထားသည်။

Link: http://karennews.org/2017/10/committee-begins-development-of-english-myanmar-and-karen-languages-dictionary.html/

## ထုပ်ပိုးပစ္စည်းလုပ်ငန်း သီလဝါ၌ ရင်းနှီးမြှုပ်နှံမည်

Myanmar Times, 9 October 2017

အာဆီယံဒေသအတွင်းအကြီးဆုံးထုပ်ပိုးရေးပစ္စည်းလုပ်ငန်းကုမ္ပဏီဖြစ်သော ကီယန်ဂျူးကုမ္ပဏီအုပ်စုသည် သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ထုပ်ပိုးရေးပစ္စည်းစက်ရုံတစ်ရုံ တည်ဆောက် ရင်းနှီးမြှုပ်နှံတော့မည်ဖြစ်ကြောင်း ကုမ္ပဏီ ၏တာဝန်ရှိသူများက ပြောသည်။ စက်ရုံမှာ လာမည့်နှစ် ပထမသုံးလပတ်အတွင်း ပြီးစီးမည်ဟု ခန့်မှန်းထားသည်။




မလေးရှားနိုင်ငံအခြေစိုက် ကီယန်ဂျူးကုမ္ပဏီသည် ထုပ်ပိုးပစ္စည်းမျိုးစုံ ထုတ်လုပ်လျက်ရှိပြီး အာဆီယံဒေသ၌ စည်သွတ်ဘူးခွံထုတ်လုပ်မှုလုပ်ငန်း အကြီးအကျယ် လုပ်ကိုင်သည့် ကုမ္ပဏီကြီးဖြစ်သည်။ ယင်းကုမ္ပဏီ အုပ်စုသည် မလေးရှားနှင့် ဗီယက်နမ် နိုင်ငံများတွင် ထုတ်လုပ်မှု စက်ရုံများ တည်ဆောက်ထားပြီး စင်ကာပူနိုင်ငံ၌ နိုင်ငံတကာရောင်းဝယ်ရေးနှင့် ဈေးကွက်ဌာန တည်ရှိ သည်။

ကီယန်ဂျူးကုမ္ပဏီသည် ၂၀၁၅ခုနှစ်တွင် သီလဝါ သို့ စတင် ဝင်ရောက်ခဲ့၏။ သီလဝါစီမံကိန်းအ တွက် Kian Joo Can Myanmar (ကေဂျေအမ် အမ်) နှင့် Boxpak Myanmar (ဘီပီအမ်အမ်) ကုမ္ပဏီများကို ကနဦး မတည်ရင်းနှီးငွေ အမေ ရိကန်ဒေါ်လာ ၁၆ သန်းနှင့် ၇ ဒသမ ၅ သန်း အသီးသီး မတည်လျက် တည်ထောင်ခဲ့သည်။ ကေဂျေအမ်အမ်ကုမ္ပဏီ၌ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၅ သန်းနှင့် ဘီပီအမ်အမ်ကုမ္ပဏီ၌ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၈ သန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားသည်။

ဝယ်လိုအားမြင့်မားနေပြီး စီးပွားရေးတိုးတက်ရန် အလားအလာကောင်းနေသည့် မြန်မာ့ဈေးကွက်အတွင်း ကေဂျေအမ်အမ်ကုမ္ပဏီသည် စည်သွပ်ဘူးခွံများ၊ အလူမီနီယမ်ဘူးခွံများ၊ အဖျော်ယမကာနှင့် နို့မှုန့်ဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်၊ ထုပ်ပိုးခြင်းလုပ်ငန်းများ လုပ်ကိုင်မည်ဖြစ်ပြီး ဘီပီအမ်အမ်ကုမ္ပဏီမှာမူ ကတ်ထူ သို့မဟုတ် ပလတ်စ တစ်ဘူးများ၊ သေတ္တာများ ထုတ်လုပ်မည်ဖြစ်သည်။

Link: https://www.mmtimes.com/news/aseans-largest-packaging-firm-start-thilawa-operations-next-year.html

## ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသိပညာပေး အစီအစဉ်များ စတင်မည်

Myanmar Times, 9 October 2017

ရေရှည်ပူးသမဝါယမလုပ်ငန်းများတိုးတက်စေရန်အတွက် အသိ ပညာပေး အစီအစဉ်များနှင့် ဆွေးနွေးမှုများစတင်လုပ်ဆောင်နေပြီဖြစ်ပြီး လယ်သမားများနှင့် နိုင်ငံသားများအား ချေးငွေများ ပံ့ပိုးပေးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးဦးမျိုးအောင်က ပြောခဲ့သည်။

သမဝါယမဦးစီးဌာနသည် ယခင်အစိုးရလက်ထက်တွင် သမဝါယမဝန်ကြီးဌာနလက်အောက်ရှိ သီးခြားဌာနတစ်ခုဖြစ်သည်။ ယခုအစိုးရလက်ထက်တွင် ဝန်ကြီးဌာနနှစ်ခုစလုံးသည် နိုင်ငံ ၏ စိုက်ပျိုးစီးပွားရေးနှင့် မွေးမြူရေးအတွက် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်ရန်အတွက် အတူတကွပူးပေါင်းလုပ်ဆောင်လျှက်ရှိသည်။



"အဓိကရည်ရွယ်ချက်ကတော့ စိုက်ပျိုးရေးနဲ့အခြားကဏ္ဍတွေမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့ပါပဲ"ဟု ၎င်းက မြန်မာတိုင်းမ်သို့ အောက်တိုဘာ(၇)ရက်နေ့တွင် ပြောခဲ့သည်။ "
ထိုသို့ပြုလုပ်နိုင်ရန်အတွက် သမဝါယမဦးစီးဌာနသည် နိုင်ငံတလျှောက်တွင် သမဝါယမစနစ်များ ပေါ်ပေါက်လာစေရန်အတွက် ပညာပေး အစီအစဉ်များကို အဖွဲ့( ၅) ဖွဲ့ခွဲ၍ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ အဖွဲ့တစ်ဖွဲ့စီက တိုင်းနဲ့ပြည်နယ် ( ၃) ခုစီ တာဝန်ယူရပါမယ် ဟု ဦးအောင်မျိုးက ထပ်ပေါင်းပြောကြားခဲ့သည်။

"အရင်က သမဝါယမအဖွဲ့ခွဲဖွဲ့ရာမှာ အခက်အခဲတချို့ရှိခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ ပြည်သူတွေကို လမ်းညွှန်မှုတွေနဲ့ လုပ်ထုံးလုပ်နည်းတွေကို အသိပညာပေးဖို့ အစီအစဉ်တွေ ထည့်သွင်းခဲ့တာပါ။ အခုအခါ အစီအစဉ်တွေကို စတင်ဆောင်ရွက်နေပါပြီ။"

Link: https://www.mmtimes.com/news/co-op-education-programs-underway-spur-long-term-development.html

## အနိမ့်ဆုံးလုပ်ခလစာ တစ်ရက်လျှင် ကျပ် ၄, ၀၀၀ မှ ၄, ၈၀၀ အကြား သတ်မှတ်နိုင်ရန် လျာထားဟုဆို

Myanmar Times, 9 October 2017

မြန်မာနိုင်ငံအတွင်း အနိမ့်ဆုံးလုပ်ခလစာကို တစ်ရက်လျှင် ကျပ် ၄, ၀၀၀ မှ ၄, ၈၀၀ အကြား သတ်မှတ်နိုင်ရန် လျာထားလိုက်ပြီဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။




နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် အောက်တိုဘာ ၂ ရက်က ပြုလုပ်သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ တတိယအကြိမ်အစည်းအဝေးမှ သိရသည်။

"အကြမ်းဖျင်းကတော့ ကျပ် ၄,၀၀၀ နဲ့ ၄,၈၀၀ ကြားကို တိုင်းနဲ့ပြည်နယ်က တက်လာတဲ့ ကိန်းဂဏန်းတွေအရ အများဆုံးတင်ပြတဲ့ နှုန်းတွေဖြစ်တဲ့အတွက် အသေးစားနဲ့ အလတ်စားကဏ္ဍက အလုပ်ရှင်တွေနဲ့ ပြန်ဆွေးနွေးမှာပါ။ ပြီးရင်တိုင်းနဲ့ပြည်နယ်တွေက ပြန်တင်ပြပေးပါဆိုပြီး ဆုံးဖြတ် ချက်ချလိုက်ပါတယ်"ဟု အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင် အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောဆိုသည်။

အနည်းဆုံးလုပ်ခလစာကို တစ်ရက်လျှင် ငွေကျပ် ၄,၀၀၀ နှုန်းဖြင့် သတ်မှတ်မည်ဆိုပါက အခြေခံလစာ ကျပ် ၁၂၀,၀၀၀ အချိန်ပိုတစ်နာရီ ကျပ် ၁၀၀၀၀၊ တစ်ရက်လျှင် ကျပ် ၄,၄၀၀ နှုန်းဖြင့် သတ် မှတ်ပါက တစ်လလျှင် ကျပ် ၁၃၂,၀၀၀၊ အချိန်ပိုကြေး တစ်နာရီ ကျပ် ၁,၁၀၀၊ တစ်ရက်လျှင် ကျပ် ၄,၈၀၀ နှုန်းဖြင့် သတ်မှတ်ပါက အခြေခံ လစာ ကျပ် ၁၄၄□၀၀၀ အချိန်ပိုကြေး တစ်နာရီလျှင် ကျပ် ၁,၂၀၀ ပေးရမည်ဖြစ်ကြောင်း သိရသည်။

"ဖိုရမ်မှာ တစ်ပြည်လုံးမှာရှိတဲ့ အလုပ်ရှင်၊ အလုပ်သမားတွေ တွေ့ကြမယ်။ အလုပ်ရှင်ဘက်ကလည်း နားထောင်ရမယ်၊ အလုပ်သမားဘက်ကလည်း နားထောင်ရမယ်။ သူ့အခက်အခဲ၊ ကိုယ့်အခက် အခဲတွေကို နားထောင်ရမယ်။ နားထောင်ပြီးရင် တကယ်တမ်းဖြစ်သင့်တဲ့ ဂဏန်းတစ်ခုကတော့ ရလာမယ်လို့ထင်တယ်"ဟု ယင်းဆွေးနွေးပွဲတွင် အလုပ်ရှင်ကိုယ်စားလှယ်အဖြစ် တက်ရောက်လာသူ ဒေါ်ခိုင်ခိုင်နွယ်က ပြောဆိုသည်။

အောက်ခြေအဆင့် ဆွေးနွေးချက်များကို ဒီဇင်ဘာတွင် နောက်ဆုံးအဆင့် ဆွေးနွေးပွဲပြုလုပ်ပြီး သတ်မှတ်ရမည့်ပမာဏကို အဆုံးအဖြတ်ရယူသွားမည်ဖြစ်ရာ ၂၀၁၅ ခုနှစ်က သတ်မှတ်ခဲ့သည့်အတိုင်း တစ်နိုင်ငံလုံးတစ်ပြေးညီ သတ်မှတ်သွားမည်ဖြစ်သည်။

Link: https://www.mmtimes.com/news/garment-manufacturers-ask-government-help-enforce-minimum-wage.html

**<u>စာသင်ကျောင်းများတွင် တိုင်းရင်းသားဘာသာပြဆရာ၊ဆရာမများ ပိုမိုထားရှိမည်</u>**

Myanmar Times, 28 September 2017

အစိုးရစာသင်ကျောင်းများတွင် တိုင်းရင်းသားဘာသာပြဆရာ၊ဆရာမများအား ယခုနှစ်တွင် ပုံမှန်သင်ကြားရေးလက်ထောက်ဆရာများအဖြစ် ခန့်ထားတော့မည်ဖြစ်ကြောင်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဌာန၏ ပြောကြားချက်အရဖြစ်သည်။

ထိုသို့ခန့်ထားရန်ဆုံးဖြတ်ခြင်းကို ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနတို့အကြား ပြီးခဲ့သည့်လတွင်ပြုလုပ်သည့်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကလေးသူငယ်များအကြား ကျောင်းထွက်သည့်အရေအတွက် လျော့ကျလာစေရန်နှင့် တိုင်းရင်းသားဘာသာစကားပြောသည့် ဘာသာစကားပြဆရာ၊ဆရာမများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်လည်း ရည်ရွယ်ပါသည်။

"သင်ကြားရေးနည်းလည်းတွေတိုးတက်စေဖို့ ကျွန်တော်တို့ရည်ရွယ်ပါတယ်။ တိုင်းရင်းသားဒေသတွေမှာရှိတဲ့ကလေးအများစုက သူတို့ဘာသာစကားပဲပြောနိုင်ကြတယ်။ မြန်မာဘာသာစကားနဲ့သူတို့ကိုသင်တော့ သူတို့အတွက် တကယ့်ကိုအခက်အခဲရှိတယ်။ ဒီလိုအခက်အခဲရှိတာကြောင့် တိုင်းရင်းသားဒေသတွေမှာ ကျောင်းထွက်နှုန်းမြင့်လာဖို့ ဦးတည်နေတယ်။ ကလေးအများစုက မူလတန်းတောင်မပြီးသေးဘူး ဘာသာစကားအခက်အခဲကြောင့် ကျောင်းထွက်တာတွေရှိတယ်" ဟု တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ကပြောခဲ့သည်။

ပညာရေးဝန်ကြီးဌာနသည် တိုင်းရင်းသားစာပေကို ဒေသတွင်း ဘာသာစကား ၊ စာပေနှင့်ယဉ်ကျေးမှု စသည်တို့အား ထိန်းသိမ်းနိုင်စေရန်ရည်ရွယ်၍ အခြေခံပညာစာသင်ကျောင်းများ၌ ၂၀၁၃- ၂၀၁၄ ခုနှစ် ပညာသင်နှစ်တွင် စတင်သင်ကြားစေခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပညာရေးဝန်ကြီးဌာနသည် တိုင်းရင်းသားစာပေသင်ကြားပေးသည့်ဆရာ၊ဆရာမများအား တစ်လလျှင် ၃၀၀၀၀ ကျပ်ပံ့ပိုးပေးလျှက်ရှိသည်။ အကယ်၍ ၎င်းတို့သည် သင်ကြားရေးလက်ထောက်များဖြစ်လာပါက လခတိုးလာမည်ဖြစ်သည်။ ယင်းနောက် ၎င်းတို့ဘွဲ့ရသည်နှင့်တပြိုင်နက် ၎င်းတို့အား အမြဲတမ်းခန့်များအဖြစ် ခန့်ထားပေးရန် တိုင်းရင်းသားရေးရာဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ဆွေးနွေးညှိနှိုင်းမည်ဖြစ်သည်။

အခြေခံပညာရေးစာသင်ကျောင်းများတွင် သင်ကြားရေးလက်ထောက်ဖြစ်ရန်ဆန္ဒရှိသောဆရာ၊ဆရာမများသည် ၎င်းတို့၏လျှောက်လွှာများကို မြို့နယ်ပညာရေးရုံးများမှတဆင့် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသအသီးသီးရှိအစိုးရထံတွင် လျှောက်ထားနိုင်သည်။

https://www.mmtimes.com/news/schools-get-more-ethnic-language-teachers.html

**<u>ကျောင်းချိန်ကရင်စာသင်ကြားရေးတွင် အခက်အခဲများကြုံနေရဆဲဟု ပြည်နယ်စာ/ ယဉ် ဉက္ကဋ္ဌပြောကြား</u>**

Burma News International, 2 October 2017

ကရင်ပြည်နယ်ရှိ အစိုးရ စာသင်ကျောင်းများ၌ ကျောင်းချိန် ကရင်စာပေသင်ကြားရေးတွင် အခက်အခဲများ ကြုံတွေ့နေရဆဲဖြစ်ကြောင်း ကရင်ပြည်နယ်၊ စာပေနှင့် ယဉ်ကျေးမှု ဉက္ကဋ္ဌ စောအေးမြက စက်တင်ဘာလ(၂၇)ရက်နေ့တွင် ကေအိုင်စီသို့ပြောသည်။



လူမျိုးစုံရောနှောနေသော စာသင်ကျောင်းများတွင်လည်း ကရင်စာပေသင်ကြားရန် အခက်အခဲရှိနေပြီး မြို့ပေါ်နေကရင်မိဘအချို့က ၎င်းတို့၏ကလေးများအား ကရင်စာနှင့်စကားသင်ကြားပြောဆိုရန် တွန်းအားပေးမှုအားနည်းနေကြောင်း စာ / ယဉ် ဉက္ကဋ္ဌ စောအေးမြမှ ဆက်ပြောသည်။

ကရင်ပြည်နယ် အစိုးရစာသင်ကျောင်းများတွင် မူလတန်းအောက်အဆင့်ဖြစ်သည့် Grade-1, 2, 3 အထိသာ အစိုးရမှ တရားဝင်သင်ခွင့်ပြုထားပြီး မြို့ပေါ်စာသင်ကျောင်းများတွင် သင်ကြားနိုင်ခြင်းမရှိသေးကြောင်း ကရင် စာ / ယဉ် တာဝန်ရှိသူများက ပြောသည်။

လက်ရှိတွင် တိုင်းရင်းသားရေးရာဝန်ကြီးများရှိနေခြင်း၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က စာပေတိုးတက်ရေးအတွက် တစိုက်မတ်မတ်လုပ်ဆောင်နေသကဲ့သို့ မိမိတို့ ပညာရေးဌာနအနေဖြင့်လည်း တိုင်းရင်းသားစာပေသင်ကြားမှုများကို အားပေးကြောင်းနှင့် မြို့ပေါ်ကျောင်းများတွင် တိုင်းရင်းသားလူမျိုးကလေးများရောနှောနေခြင်းကြောင့် တိုင်းရင်းသားစာပေကို မသင်ကြားနိုင်သေးကြောင်း ပညာရေးမှူးဦးစိုးမြင့်ကပြောသည်။

လက်ရှိထောက်ပံ့ကြေးတစ်လ ၃သောင်းရရှိနေသော တိုင်းရင်းသားစာပေသင်ဆရာ / ဆရာမများသည် နေ့စားလပေးဝန်ထမ်းများ အဖြစ်ဆန္ဒပြုလွှာများကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၂၀ရက်နေ့အထိ နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ စက်တင်ဘာလ ၂၇ ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။

Link: http://www.bnionline.net/news/karen-state/item/3518-shortage-of-textbooks-teachers-and-political-will-stymie-karen-literature-classes.html

## သက်ကြီးရွယ်အိုများအတွက် သက်သာချောင်ချိရေးကတ်ပြားများ ထုတ်ပေးမည်

Myanmar Times, 3 October 2017

အစိုးရသည် သက်ကြီးရွယ်အိုများအတွက် ဂရုစိုက်စောင့်ရှောက်သည့်အသိုင်းအဝန်းတရပ် ဖန်တီးပေးရန် ကြိုးပမ်းနေသည့်အား လျော်စွာ သက်ကြီးရွယ်အိုများအတွက် အထူးအကြီးတန်းကတ်ကို မိတ်ဆက်ပေးမည်ဖြစ်ပြီး ထိုကတ်ဖြင့် ပိုမိုဈေးသက်သာသည့်

ကျန်းမာရေးစောင့်ရှောက်မှုများကိုဖြစ်စေ၊ ဈေးဝယ်ရာတွင် လျှော့ဈေးဖြင့်ဖြစ်စေ ရရှိနိုင်မည်ဖြစ်သည်။

သက်ကြီးရွယ်အိုများအတွက်ဥပဒေများရေးဆွဲပြီးသည်နှင့်တပြိုင်နက် ထိုကတ်များကို ထုတ်ပေးမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ လူမှုဝန်ထမ်းဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဦးအောင်ကျော်မိုးက တနင်္ဂနွေနေ့တွင် ပြောခဲ့သည်။

ထိုကတ်ထုတ်ပေးမည့်အကြောင်းကို အောက်တိုဘာ( ၁၀) ရက်နှင့်( ၂၀) ရက်နေ့တွင် ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

"ဥပဒေထွက်လာတာနဲ့ ကျွန်တော်တို့ကတ်တွေထုတ်ပေးပါမယ်"ဟု သူကပြောသည်။

တခြားနိုင်ငံများတွင် သက်ကြီးရွယ်အိုများသည် အထူးအကြီးတန်းကတ်ကို အသုံးပြု၍ ဈေးဝယ်ရာတွင် သက်သာစွာဝယ်ယူနိုင်သည်၊ဥပမာ- ကျန်းမာရေးစောင့်ရှောက်မှုများကို ဈေးသက်သာစွာဖြင့်ရရှိနိုင်ပြီး ခရီးထွက်ရာတွင် နေရာဦးစားပေးခြင်းခံရသလို သတ်မှတ်ထားသောဆိုင်များတွင် ဈေးသက်သာစွာ ဝယ်ယူရရှိနိုင်သည်။

သက်ကြီးရွယ်အိုများအတွက်ဥပဒေရေးဆွဲပြီးဖြစ်ပါက လိုအပ်သည်များကို ပံ့ပိုးပေးနိုင်ရန်အတွက် နောက်ထပ်ဆွေးနွေးမှုများကို သက်ဆိုင်ရာဌာနများနှင့်အတူ ဆွေးနွေးသွားမည်ဖြစ်သည်။ လူမှုဝန်ထမ်းဌာနသည် သက်ကြီးရွယ်အို အရေအတွက်မည်မျှရှိသည်ကို စာရင်းကောက်ယူပြီးဖြစ်သည်။

လက်ရှိတွင် နိုင်ငံတော်အနေဖြင့် အသက် ၉၀နှင့်အထက် နိုင်ငံသားသက်ကြီးရွယ်အို ( ၃၉၄၄၀) ဦးအား လူမှုပင်စင်အနေဖြင့် တစ်ဦးလျှင် လစဉ် ကျပ်တစ်သောင်းစီ ပံ့ပိုးပေးလျှက်ရှိသည်။

Link: https://www.mmtimes.com/news/senior-cards-give-elderly-break-costs.html

## ရန်ကုန် Water Bus အောက်တိုဘာ ၇ ရက်နေ့၌ ပြေးဆွဲမည်

Myanmar Times, 3 October 2017

ရန်ကုန်မြစ်ကြောင်းတလျှောက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သည့် Yangon Water Bus ကို အောက်တိုဘာ ၆ ရက်နေ့တွင် ဖွင့်ပွဲပြုလုပ်၍ ၇ ရက်နေ့တွင် သင်္ဘောစင်းရေ □၁၆□စင်းဖြင့် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း Tint Tint Myanmar Group of Companies ထံမှ အောက်တိုဘာ ၂ ရက်နေ့၌ သိရှိရသည်။

လေးလကြာနှောင့်နှေးကြန့်ကြာခဲ့ပြီးနောက် water taxi စနစ်သစ်ကို အောက်တိုဘာ□၇□ရက်နေ့တွင် တရားဝင်စတင်ပြေးဆွဲတော့မည်ဖြစ်ကြောင်း တင့်တင့်မြန်မာကုမ္ပဏီမှ ပြောရေးဆိုင်ခွင့်ရှိသူ ကိုထွန်းနိုင်လင်းက ပြောခဲ့သည်။

water taxi နှင့် ပတ်သတ်သည့်သတင်းစာရှင်းလင်းပွဲကို မေလနှောင်းပိုင်းတွင် ပြုလုပ်ခဲ့ပြီး ဇွန်လအစောပိုင်းတွင် စတင်ရန်မျှော်မှန်းထားခဲ့သည်။ သို့သော်လည်း အစိုးရထံမှ ခွင့်ပြုခွင့်ရရန်ကြန့် ကြာမှုများရှိခဲ့သောကြောင့် စီမံကိန်းကို စတင်လုပ်ဆောင်ရန်အတွက် ယခုလမှ ခွင့်ပြုမိန့်ရရှိခဲ့သည် ။




“ကျွန်တော်တို့ ဖွင့်ပွဲကို အောက်တိုဘာ□၆□ရက်နေ့မှာ လုပ်မှာဖြစ်ပြီး အောက်တိုဘာလ□၇□ရက်နေ့မှ စတင်ပြေးဆွဲပါမယ်။ လာရောက်စီးနင်းကြမယ့်ခရီးသွားတွေအနေနဲ့ prepaid (ကြိုတင်ငွေပေးစီးနင်းခွင့်ကတ်)ကို အသုံးပြုရမှာဖြစ်ပါတယ်။ ဒီကတ်တွေကို ဆိပ်ကမ်းတွေမှာ အလွယ်တကူဝယ်ယူနိုင်ပါတယ်။ ကတ်ဈေးနှုန်းကိုတော့ အတိအကျမပြောနိုင်သေးပါဘူး။ ခရီးအတွက်စီးခ ၃၀၀ ကျပ် လို့ ကျွန်တော်တို့သတ်မှတ်ထားပါတယ်” ဟု ကိုထွန်းနိုင်လင်းကပြောပြခဲ့သည်။

အင်းစိန်မှ ဘိုတထောင်ထိ စုစုပေါင်း ဆိပ်ကမ်း(၆)ခုရှိသည်။ အောက်တိုဘာ(၇)ရက်နေ့တွင် water taxis သည် ဘိုတထောင်မြို့နယ် ၊ အင်းစိန်မြို့နယ် ၊ အောင်ဇေယျတံတားအနီးစသည့် လမ်းကြောင်းများမှ စတင်ပြေးဆွဲမည်ဖြစ်သည်။ ပြေးဆွဲမည့်အချိန်ဇယားကို ဆိပ်ကမ်းများတွင် ကပ်ထားမည်ဖြစ်သည်။

ရေလမ်းခရီးသယ်ယူပို့ဆောင်ရေးစနစ်သည် လမ်းကြောင်း ၃ ခုတွင်ပြေးဆွဲမည်ဖြစ်သည်- လှိုင်မြစ် ၊ ငမိုးရိပ်ချောင်းနှင့် သံလျင်မြို့နယ်အနီးရှိ မြစ်ကြောင်းတွင် ဖြစ်သည်။ ပထမတသုတ်ကို အင်းစိန်မှ ဘိုတထောင်မြို့နယ်သို့ ပြေးဆွဲမည်ဖြစ်သည်။

တင့်တင့်မြန်မာကုမ္ပဏီ၏ CEO ဖြစ်သူ ဒေါ်တင့်တင့်လွင်က ခရီးသည်များသည် ကုမ္ပဏီမှ ထုတ်ထားသည့် ကြိုတင်ပေးငွေကတ်အပြင် ၎င်းတို့ အဆင်ပြေစေရန်အတွက် ယခုအခါ မည်သည့်ကတ်ကိုမဆို အသုံးပြုနိုင်ကြောင်းပြောခဲ့သည်။

Water taxis သည် နယ်သာလန်နိုင်ငံကဲ့သို့ နိုင်ငံအများအပြားတွင် ပေါ်ပြူလာဖြစ်သည့်စနစ်တခုဖြစ်သည်။

Link: https://www.mmtimes.com/news/water-vehicles-launch-saturday.html

## တရားဥပဒေနှင့်အုပ်ချုပ်မှု

**<u>အမျိုးသမီးများနှင့်မိန်းကလေးငယ်များကို အကြမ်းဖက်မှုမှ ကာကွယ်ပေးမည့်ဥပဒေသစ်</u>**

The Irrawaddy, 17 October 2017

လေးနှစ်ကြာမျှ စောင့်ဆိုင်းရပြီးနောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းပေးမည့် ဥပဒေကြမ်းကို ယခုလွှတ်တော်အစည်းအဝေး ကာလအတွင်း တင်သွင်း သွားတော့မည်ဟု သိရသည်။




အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ဥပဒေတရပ်သီးသန့်ပြဋ္ဌာန်းပြီး အကာအကွယ်ပေးရန် တောင်းဆိုမှု အများအပြား ရှိလာသောကြောင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီး ကာကွယ်ရေး ဥပဒေကြမ်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် အမျိုးသမီးအခွင့် အရေးအဖွဲ့များက ၂၀၁၃ ခုနှစ်တွင် စတင်ရေးဆွဲ ခဲ့သည်။

ဥပဒေကြမ်း၏ နောက်ဆုံးမူကို အပြီးသတ် ရေးဆွဲပြီးကြောင်း ပါဝင်ရေးဆွဲနေသည့် အမျိုးသမီး အခွင့်အရေး လှုပ်ရှားသူများ၏အဆိုအရ သိရသည်။ ထိုမူကြမ်းကို လက်ရှိကျင်းပနေသော လွှတ်တော်အစည်းအဝေးတွင် တင်သွင်းမည်ဟု ၎င်းတို့က ဧရာဝတီသတင်းဌာနသို့ပြော သည်။

ထိုဥပဒေသည် အိမ်တွင်းအကြမ်းဖက်မှု၊ ခင်ပွန်းသည်၏ အဓမ္မပြုကျင့်မှုနှင့် လုပ်ငန်းခွင်နှင့် အများ ပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ထိကပါးပြုမှု၊ နှောင့်ယှက်မှုများ အပါအဝင် အကြမ်းဖက်မှုပုံစံမျိုးစုံမှ အမျိုးသမီးများကို ပိုမိုကောင်းမွန်စွာ ကာကွယ်ပေးနိုင်မည်ဟု လည်း ၎င်းတို့ကပြောသည်။

ထိုဥပဒေကို ပြဋ္ဌာန်းပြီးပါက အကြမ်းဖက်မှု ကျူးလွန်ခံရသူများသည် ထိရောက်သော ဥပဒေနှင့် ကျန်းမာရေး အကူအညီများ ပိုမိုရရှိမည်ဟုလည်း Legal Clinic Myanmar ကို ပူးတွဲတည်ထောင်သူ ဖြစ်သလို ဒါရိုက်တာလည်းဖြစ်သည့် ဒေါ်လှလှရီ ကပြောသည်။

ဥပဒေအရ ပြန်လည်ကုစားပေးသော လုပ်ငန်းဖြစ်သည့် Legal Clinic Myanmar သည် များသောအားဖြင့် အမျိုးသမီး များနှင့် ကလေးသူငယ်များအတွက် အခမဲ့ တရားဥပဒေဆိုင်ရာ အကူအညီများ ပေးနေသော အဖွဲ့ဖြစ်သည်။

လက်ရှိဥပဒေမူကြမ်းအရ အသက် ၁၈ နှစ်အောက် မိန်းကလေးများနှင့် မသန်စွမ်းသော အမျိုးသမီးများကို အဓမ္မပြု ကျင့်သူများ သည် တသက်တကျွန်း ကျခံရမည်ဖြစ်သည်။ မိမိဇနီးကို အလိုမတူ ပြုကျင့်သူများသည် ထောင်ဒဏ် ၂ နှစ်မှ ၅ နှစ်အထိ ကျခံရမည်ဖြစ်သည်။ အမျိုးသမီးများ နှင့် မိန်းကလေးငယ်များကို ထိခိုက်နာကျင်အောင်ရိုက်နှက်မှု၊ ကိုယ်အင်္ဂါပျက်စီးသည် အထိ ပြုလုပ်သူများ အတွက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်များကိုလည်း ပြဋ္ဌာန်းထားသည်ဟု သိရသည်။

၎င်းတို့၏ ကော်မတီသည် အထက်ပါ ဥပဒေအပြင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးသေနင်္ဂဗျူဟာ စီမံချက် □၂၀၁၃- ၂၀၂၂□ ကိုလည်း အကောင်အထည်ဖော်နေသည်ဟု အမျိုးသမီးနှင့် ကလေး သူငယ်များ ဆိုင်ရာ ကော်မတီ အတွင်းရေးမှူး နော်ဆူဇန်နာ လှလှစိုးက ပြောသည်။

အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပုံစံ အားလုံးပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် - CEDAW ဆိုင်ရာ အစိုးရ ၏အစီရင်ခံစာကို လွန်ခဲ့သောနှစ်က ကုလသမဂ္ဂတွင် တင်သွင်းခဲ့ပြီး မကြာမီတွင် အထက်ပါ စီမံချက်ကို အကောင်အထည် ဖော်ရန် လုပ်ငန်းကော်မတီကိုဖွဲ့စည်းခဲ့သည်။

Link: https://www.irrawaddy.com/news/burma/new-law-protect-women-girls-violence.html

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

### အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN တွေ့ဆုံမည်

Mizzima, 21 October 2017

တစ်နိုင်ငံလုံးအပစ်ရပ်လက်မှတ် (NCA)ရေးထိုးနိုင်ရေးကိစ္စနှင့်ပတ်သတ်ပြီး မပြေးလည်သေးသောအချက် ၄ ချက်ဆွေးနွေးရန်အ တွက် အစိုးရငြိမ်းချမ်းရေးကော်မရှင်(PC) နှင့်နိုင်ငံရေးတွေ့ဆုံဆွေး နွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)တို့တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါသတ္တမအကြိမ်အစည်းအဝေးတွေ့ဆုံဆွေးနွေးပွဲကို လာ မည့်အောက်တိုဘာလ ၂၃ရက်နှင့် ၂၄ရက်တို့တွင် ရန်ကုန်မြို့ရှိအ မျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပြုလုပ်မည်ဟု UNFC စည်းရုံးရေးနှင့် သတင်းနှင့်ပြန်ကြားရေး ဌာနမှ ထုတ်ပြန်ခြင်းဖြစ်သည်။

ယခု( ၇) ကြိမ်မြောက် တွေ့ဆုံမှုသည် DPN အဖွဲ့ခေါင်းဆောင်ခူဦး ရယ်အပါအဝင် ကိုယ်စားလှယ်စုစုပေါင်း( ၆) ဦးနှင့်နည်းပညာအထောက်အကူပြုအဖွဲ့၊ ရုံးအဖွဲ့ဝင်များ တက်ရောက်သွားကြမည်ဖြစ် ကြောင်း UNFC ဘက်မှ ထုတ်ပြန်ထားသည်။

Link: http://www.mizzima.com/news-domestic/government%E2%80%99s-peace-commission-will-meet-dpn

### NLD အစိုးရလက်ထက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ နှေးကွေးသွားဟု အပစ်ရပ် အဖွဲ့များပြော

The Irrawaddy, 20 October 2017

အာဏာရ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရ လက်ထက်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ နှေးကွေးနေကြောင်း အပစ်ရပ် အဖွဲ့များက ဧရာဝတီသို့ ပြောသည်။




ပြည်တွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဦးဆောင်နေသူများ၏ အတွေ့အကြုံ၊ အရည်အချင်း အားနည်းခြင်း၊ အစိုးရနှင့် တပ်မတော်တို့ တသားတည်း မဖြစ်ဘဲ သဘောထား ကွဲပြားမှုများ ရှိနေခြင်းတို့ကြောင့် ဖြစ်သည်ဟုလည်း ဆိုသည်။

ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ (ALP)မှ ဒုဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း က “နောင့်နှေးကြန့်ကြာတယ်လို့ ကျမအနေနဲ့ ပြောချင်တယ်။ ပြည်သူကိုချစ်တယ်။ တိုင်းပြည်ကို ချစ်တယ်ဆိုရင် နောင့်နှေးကြန့်ကြာမှု မရှိအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို အစိုးရပိုင်းက အလေးထား စဉ်းစားသင့်တယ်”ဟု ဧရာဝတီသို့ ပြောသည်။

အစိုးရဘက်တွင်လည်း မညီညွတ်ဘဲ ကွဲလွဲမှုများ ရှိနေချိန်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ဘက်တွင်လည်း အဖွဲ့မျိုးစုံ ကွဲ၍ ငြိမ်းချမ်းရေး ရယူရန် ချည်းကပ်သည့် လမ်းကြောင်း မတူညီခြင်းများက လက်ရှိ တိုင်းပြည်၏ ငြိမ်းချမ်းရေး ဖြစ်စဉ်ကို သက်ရောက်မှု များစွာ ဖြစ်စေကြောင်းလည်း ၎င်းက ပြောဆိုသည်။

ဦးသိန်းစိန် အစိုးရ လက်ထက်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို တာဝန်ယူ ဆောင်ရွက်သည့် သမ္မတရုံး ဝန်ကြီး ဦးအောင် မင်း ၏ ကတိစကားများကို သမ္မတ ဦးသိန်းစိန်က တာဝန်ခံပြီး ယင်း သဘောတူညီချက်များ ကိုလည်း တပ်မတော်က လက် ခံ လာရန် စည်းရုံး ပြောဆိုနိုင်ခဲ့ကြောင်း၊ NLD အစိုးရတွင် ယင်းအချက် မတွေ့ရကြောင်း အပစ်ရပ်ထားသည့် မြန်မာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF) မှ ခေါင်းဆောင် တဦးက နေပြည်တော်တွင် ဧရာဝတီ သို့ ပြောသည်။

ဦးသိန်းစိန် လက်ထက်မှာမို့ NCA ကိုရလိုက်တာ။ သူ့လက်ထက်မှာ မထိုးဘဲ ဆက်ရွှေ့လာရင် ဒီဘက်မှာ NCA ထိုးနိုင်ဖို့ တောင် မလွယ်ဘူး။ အခုက ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဦးဆောင်တဲ့သူတွေက မဆုံးဖြတ်နိုင်ဘူး။ အတိုင်ပင်ခံကို ပြန် တင်ပြ ရတယ်။ နောက်ပြီး အစိုးရ သဘောတူပြီး ပေမယ့် တပ်မတော်က သဘောမတူလို့ နောက်ဆုတ်သွားတာတွေ က လည်း ရှိတယ်”ဟုလည်း အထက်ပါ ABSDF ခေါင်းဆောင်က ပြောဆိုသည်။

ရှေ့ဆက်မည့် နိုင်ငံရေး ဆွေးနွေးပွဲများကို အစိုးရက လွတ်လပ်စွာ ကျင်းပခွင့်ပေးလိုသည့် သဘောထား ရှိသော်လည်း တပ်မတော်ကမူ ထိန်းချုပ်မှု တခုခုအောက်တွင် ဆွေးနွေးလိုသည့် သဘောမျိုး တွေ့မြင်ရကြောင်း၊ တနိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး စာချုပ် (NCA) ကို မကျိုးပေါက် ရန် ထိန်းသိမ်းနိုင်ပါက ငြိမ်းချမ်းရေး မရနိုင်သော်လည်း ငြိမ်းချမ်းရေး မပျက်စီးနိုင်တော့ကြောင်း ပအိုဝ်း အမျိုးသား အဖွဲ့ ချုပ် နာယက ဦးခွန်ဥက္ကာက ပြောသည်။

“ငြိမ်းချမ်းရေး ဆောင်ရွက်ချက် နှေးကွေးသွားတာ အဓိက လူတွေကြောင့်ပဲ”ဟုလည်း ၎င်းက ဆိုသည်။

မွန် အမျိုးသား ပါတီကလည်း လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် အနှစ်သာရ အားဖြင့် တိုးတက်မှု မရှိကြောင်း ပြောဆိုထားသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ နှေးကွေးသွားရခြင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဦးဆောင်နေသည့် အစိုးရ၊ တပ်မတော် ခေါင်းဆောင်များနှင့် သက်ဆိုင်ကြောင်း၊ သို့သော် ယခုရောက်ရှိနေသည့် အနေအထားကို ကျေနပ်မှုရှိ ကြောင်း၊ နှစ် ၇၀ သမိုင်းတွင် တခါမှ မလုပ်နိုင်သေးသည့် နိုင်ငံရေး ဆွေးနွေးမှုများ စတင်နေပြီး အချက်တချို့ကို စတင် သဘောတူနိုင်နေပြီ ဖြစ်ကြောင်း အပစ်ရပ် ခေါင်းဆောင်များက ပြောဆိုကြသည်။

NCA လက်မှတ် ရေးထိုးထားသည့် အပစ်ရပ်အဖွဲ့ ၈ ခုတွင် အများစုက လက်ရှိ အစိုးရလက်ထက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ နှေးကွေးနေကြောင်း၊ ပြောဆိုကြသော်လည်း လက်ရှိရောက်ရှိနေ သည့် NCA စာချုပ် လက်မှတ်ထိုးထားသည့်နေရာမှ ရှေ့ဆက်နိုင်ရန်လည်း မျှော်လင့်ချက် ကြီးကြီး ထားရှိနေကြကြောင်း သိရသည်။

ဦးသိန်းစိန်နှင့် NLD အစိုးရ ၂ ခုစလုံး၏ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်ခဲ့သူ ဦးမင်းဇော်ဦးက "အခု ကျနော်မြင်တဲ့ ဟာက တော့ အဓိက အခက်အခဲက အပစ်အခတ်ရပ်စဲရေးကို ဘယ်လိုလုပ်မလဲ ဆိုတဲ့အပေါ်မှာ အခက်အခဲ ဖြစ်နေတာ။ နိုင်ငံရေး ဆွေးနွေးပွဲကို လာတဲ့အခါမှာ ဘယ်အစုအဖွဲ့နဲ့ပဲ လာလာ အစိုးရကရော၊ တပ်မတော်ကရော ဘာမှကန့်ကွက်တာမရှိဘူး။ အခုက အပစ်အခတ် ရပ်စဲရေးမှာပဲ တစ်နေတယ်"ဟု ဧရာဝတီသို့ ပြောသည်။

လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာပုံစံ ၂ မျိုးဖြင့် ရှေ့ဆက်မည် ဖြစ်ပြီး NCA ထိုးထားသူများက ရလဒ်တခု ထွက်ရန် ကြိုးစား ကြလိမ့်မည် ဖြစ်ရာ မြန်မာပြည် တောင်ဘက်ပိုင်းတွင် ငြိမ်းချမ်းလာပြီး မြောက်ပိုင်းတွင် စစ်ပွဲများ ရှိနေဦးမည် ဖြစ်ကြောင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၏ အကြံပေး အရာရှိတဦး ဖြစ်သူ ဦးမင်းဇော်ဦးက ပြောဆိုသည်။

"EAOs ( တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ) ဘက်မှာလည်း အားလုံးမညီညွတ်ခြင်းဟာ ရှေ့ကို လှမ်းတက်ဖို့ရာ အတွက် အခက်အခဲတခု ဖြစ်ပါတယ်။ အစိုးရဘက်က ကြည့်ရင်လည်း EAOs အားလုံး စားပွဲပေါ် မရောက်သေးတာ အထစ် အငေါ့ ဖြစ်ပါတယ်။ အားလုံး ရောက်နိုင်အောင် EAOs ဘက်ကလည်း ကြိုးစားရမယ်။ အစိုးရဘက်ကလည်း ကြိုးစားရမယ်"ဟု ဒေါ်စောမြရာဇာလင်းက ပြောသည်။

လက်ရှိအစိုးရကလည်း NCA စာချုပ်အပေါ်တွင်သာ ဆက်လက်ရပ်တည်နေပြီး ဝ ဦးဆောင်သည့် ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိ နှိုင်းရေးကော်မတီ (FPNCC) အဖွဲ့ကလည်း NCA ကိုလက်မခံဘဲ တခြားပုံစံတမျိုးဖြင့် နိုင်ငံရေး ဆွေးနွေးမှု လမ်းကြောင်းကို ပုံဖော်လျက်ရှိသည်။

သို့သော် ဝ နှင့် မိုင်းလားအဖွဲ့တို့နှင့် အစိုးရနှင့် တိုက်ပွဲ မဖြစ်သေးပေ။

ထို့အပြင် အောက်တိုဘာလ ၁၅ ရက်နေ့ကနေပြည်တော်တွင် ကျင်းပသည့် NCA စာချုပ် ၂ နှစ်ပြည့် အခမ်းအနားသို့လည်း FPNCC ၊ ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ် ကောင်စီ (UNFC) တို့က တက်ရောက်ခဲ့ခြင်း မရှိပါ။

"သူတို့( လက်မှတ်မထိုးရသေးသူများ) ကတော့ မနှစ်ကလည်း ဖိတ်တယ်။ မလာဘူး။ ဒီနှစ်လည်း မလာဘူး။ ကျနော် အား မနာတမ်း ဝေဖန်ရရင်တော့ လက်မှတ် ရေးထိုးထားတဲ့ အဖွဲ့ ၈ ဖွဲ့နဲ့ အစိုးရ၊ တပ်မတော်နဲ့ လုပ်တဲ့ အလုပ်ကို သိပ်ပြီးတော့ အသိအမှတ် မပြုချင်လို့ ဖြစ်မှာပေါ့ဗျာ။ လာလိုက်ရင် မင်းတို့လုပ်တာ ကောင်းတယ်လို့ ဖြစ်သွားမှာပေါ့။ အဲဒီလို မပြောချင်တော့ ရှောင်တာပေါ့"ဟု ဦးခွန်ဥက္ကာက ပြောသည်။

ပြည်တွင်း ငြိမ်းချမ်းရေး လေ့လာနေသူများက NCA လက်မှတ် ရေးထိုးလိုက်သည့် အဖွဲ့များနှင့် တပ်မတော်ကြား တိုက်ပွဲ များသည် NCA မထိုးခင်နှင့် ထိုးပြီးအချိန်ကြားတွင် ၉၀ ရာခိုင်နှုန်း လျော့ကျသွားသည်ဟု ဆိုကြပြီး တပ်မတော် ခေါင်း ဆောင် များကလည်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အားလုံး NCA ထိုးရမည်ဟု ပြောဆိုထားသည်။

Link: https://www.irrawaddy.com/news/ethnic-armed-groups-lament-delayed-peace-process.html

**NCA နှစ်ပတ်လည်ပွဲ အပစ်မရပ်သေးသည့် အဖွဲ့များ မတက်ဖြစ်တော့**

The Irrawaddy, 13 October 2017

နေပြည်တော်တွင် ပြုလုပ်မည့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးမှု ၂ နှစ် ပြည့် နှစ်ပတ်လည်ပွဲကို အပစ်မရပ်ရသေးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် တက်ဖြစ်တော့မည် မဟုတ်ကြောင်း သတင်းရရှိသည်။



အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် ၈ ဖွဲ့အကြား NCA ရေးထိုးခဲ့သော ၂ နှစ်ပြည့် နှစ်ပတ်လည်ပွဲကို အောက်တိုဘာ ၁၅ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပြီး ထိုပွဲကို တက်ရောက်ရန် အပစ်မရပ်သေးသော အဖွဲ့များကို ဖိတ်ကြားထားသော်လည်း နီးကပ်မှ ဖိတ်ကြား၍၊ ပြင်ဆင်ချိန်မရခြင်း၊ အဖွဲ့အားလုံးကို မဖိတ်ခြင်း ဆိုသည့် အကြောင်းပြချက်များဖြင့် မတက်ဖြစ်တော့ကြောင်း သိရသည်။

NCA ရေးထိုးမှု ၂ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို အပစ်မရပ်သေးသောအဖွဲ့များ တက် ရောက်ရန်အတွက် အစိုးရနှင့် အပစ်ရပ် ၈ ဖွဲ့က ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) တို့အကြား ယခုလ ၁၀ ရက်နေ့က နေပြည်တော်တွင် တွေ့ဆုံဆွေး နွေးပြီးနောက် အတည်ပြုဖိတ်ကြားခဲ့ခြင်း ဖြစ်သည်။

အချိန်နီးကပ်မှ ဖိတ်ကြားလာခြင်းကြောင့် ပြင်ဆင် ချိန်မရ၍ မတက်ရောက်တော့ရန် ဆုံးဖြတ်ခြင်း ဖြစ်ကြောင်း ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တပ်ပေါင်းစုဘက်က ပြောသည်။

UNFC တပ်ပေါင်းစုတွင် မွန်ပြည်သစ်ပါတီ (NMSP) ၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ လားဟူ ဒီမိုကရက်တစ် ယူနီယံ (LDU) နှင့် ရခိုင်အမျိုးသားကောင်စီ (ANC) တို့ပါဝင်ပြီး အစိုးရနှင့် အပစ်ရပ်နိုင်ရေးအတွက် ဆွေးနွေးနေဆဲဖြစ်သည်။

UNFC အဖွဲ့ကို ဖိတ်ကြားခဲ့သလို တရုတ်- မြန်မာ နယ်စပ်အခြေစိုက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကိုလည်း ဖိတ်ကြားခဲ့သော်လည်း ထိုအဖွဲ့များက ၎င်းတို့ ၇ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စု နိုင်ငံရေး ညှိနှိုင်း ဆွေးနွေးရေး ကော်မတီ (FPNCC) အနေဖြင့် ဖိတ်ကြားခြင်းမဟုတ်ဘဲ အဖွဲ့တချို့ကိုသာ သီးခြားခွဲ၍ ဖိတ်ကြားသဖြင့် မတက်ဖြစ်တော့ဟုဆိုသည်။

FPNCC တွင် ‘ဝ’ ပြည် သွေးစည်း ညီညွတ်ရေး တပ်မတော် (UWSA)၊ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် – မိုင်းလား အဖွဲ့ (NDAA) ၊ ကချင် လွတ်လပ်ရေး အဖွဲ့ (KIO) ၊ ရှမ်းပြည် တိုးတက်ရေး ပါတီ (SSPP)၊ ပလောင်( တအာင်း) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)၊ မြန်မာ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် – ကိုးကန့်တပ်ဖွဲ့ (MNDAA)နှင့် ရက္ခိုင့် တပ်မတော် (AA) တို့ ပါဝင်သည်။

Link: https://www.irrawaddy.com/news/burma/non-signatories-forgo-sending-delegation-nca-anniversary.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren